| ဦးရေ | အကြောင်းအရာ | မျက်နှာအမှတ် |
|---|---|---|
| | **၁၅-ဆတ္တဝဂ်** | |
| ၁ | အတိဆတ္တိယထေရအပဒါန် | ၁၉၂ |
| ၂ | ထမ္ဘာရောပကထေရအပဒါန် | ၁၉၂ |
| ၃ | ဝေဒိကာရကထေရအပဒါန် | ၁၉၃ |
| ၄ | သပရိဝါရိယထေရအပဒါန် | ၁၉၃ |
| ၅ | ဥမ္မာပုပ္ဖိယထေရအပဒါန် | ၁၉၄ |
| ၆ | အနုလေပဒါယကထေရအပဒါန် | ၁၉၄ |
| ၇ | မဂ္ဂဒါယကထေရအပဒါန် | ၁၉၅ |
| ၈ | ဖလကဒါယကထေရအပဒါန် | ၁၉၆ |
| ၉ | ဝဋံသကိယထေရအပဒါန် | ၁၉၆ |
| ၁၀ | ပလ္လင်္ကဒါယကထေရအပဒါန် | ၁၉၇ |
| | **၁၆-ဗန္ဓုဇီဝကဝဂ်** | |
| ၁ | ဗန္ဓုဇီဝကထေရအပဒါန် | ၁၉၈ |
| ၂ | တမ္ဗပုပ္ဖိယထေရအပဒါန် | ၁၉၈ |
| ၃ | ဝီထိသမ္မဇ္ဇကထေရအပဒါန် | ၁၉၉ |
| ၄ | ကက္ကာရုပုပ္ဖပူဇကထေရအပဒါန် | ၂၀၀ |
| ၅ | မန္ဒာရဝပုပ္ဖပူဇကထေရအပဒါန် | ၂၀၀ |
| ၆ | ကဒမ္ဗပုပ္ဖိယထေရအပဒါန် | ၂၀၁ |
| ၇ | တိဏသူလကထေရအပဒါန် | ၂၀၁ |
| ၈ | နာဂပုပ္ဖိယထေရအပဒါန် | ၂၀၂ |
| ၉ | ပုန္နာဂပုပ္ဖိယထေရအပဒါန် | ၂၀၂ |
| ၁၀ | ကုမုဒဒါယကထေရအပဒါန် | ၂၀၃ |
| | **၁၇-သုပါရိစရိယဝဂ်** | |
| ၁ | သုပါရိစရိယထေရအပဒါန် | ၂၀၄ |
| ၂ | ကဏဝေရပုပ္ဖိယထေရအပဒါန် | ၂၀၄ |
| ၃ | ခဇ္ဇကဒါယကထေရအပဒါန် | ၂၀၅ |
| ၄ | ဒေသပူဇကထေရအပဒါန် | ၂၀၅ |
| ၅ | ကဏိကာရဆဒနိယထေရအပဒါန် | ၂၀၆ |
| ၆ | သပ္ပိဒါယကထေရအပဒါန် | ၂၀၇ |
| ၇ | ယူထိကာပုပ္ဖိယထေရအပဒါန် | ၂၀၇ |
| ၈ | ဒုဿဒါယကထေရအပဒါန် | ၂၀၈ |
| ၉ | သမာဒပကထေရအပဒါန် | ၂၀၈ |
| ၁၀ | ပဉ္စင်္ဂုလိယထေရအပဒါန် | ၂၀၉ |

၁၆။ အထူးထူးသော ဆိုးရည်တို့ဖြင့် ဆိုးအပ်သော မောင်းသော အဆင်းရှိသောတံခွန် နီသောအဆင်းရှိသောတံခွန် ရွှေသောအဆင်းရှိသောတံခွန် ဇမ္ဗူရာဇ်ရွှေအဆင်းရှိသောတံခွန် (ဤတံခွန်တို့ဖြင့်) ပိုက်ထူအပ်သော တံခွန်အစဉ်ရှိကုန်၏။

၁၇။ (ထိုပြာသာဒ်၌) မရှိသော အသုံးအဆောင်မည်သည် မရှိ၊ အထူးထူးသော ခင်းနှီးတို့ဖြင့် ဆန်းကြယ်သော အရာမက များပြားကုန်သော ဖလ်ဖြင့် ပြီးသောညောင်စောင်း ငွေဖြင့်ပြီးသောညောင်စောင်း မြဖြင့်ပြီးသောညောင်စောင်း ပတ္တမြားနီဖြင့်ပြီးသောညောင်စောင်း ထို့ပြင် ပတ္တမြားပြောက်ဖြင့်ပြီးသောညောင်စောင်းတို့ကို သိမ်မွေ့သော ကာသိတိုင်းဖြစ် ပုဆိုးတို့ဖြင့် ခင်းထားအပ်ကုန်၏။

၁၈။ ခြုံထည်တို့သည် သက္ကလတ်ခြုံထည် ဘဲ့ဖြူခြုံထည် စိန့်တိုင်း၌ဖြစ်သော ခြုံထည် ပဋ္ဋုဏ္ဏတိုင်း၌ ဖြစ်သောခြုံထည် ပြောင်တောက်သော အဆင်းရှိသောခြုံထည်တို့ ဖြစ်ကုန်၏၊ ဆန်းကြယ်သော အခင်း အရုံ အလုံးစုံကို ငါသည် စိတ်ဖြင့် (အဓိဋ္ဌာန်၍) ခင်းထားခဲ့ပြီ၊

၁၉။ ထိုထိုအဆောင်တို့၌သာလျှင် ရတနာအထွတ်တို့ဖြင့် တန်ဆာဆင်အပ်၏၊ ဝေဍာနေ ပတ္တမြားဖြင့် ပြီးအပ်သော ဆီမီးတို့သည် (အလင်းရောင်ကို) ဆောင်ကုန်လျက် ကောင်းစွာ တည်ကုန်၏။

၂၀။ ကဉ္စနရွှေဖြင့် ပြီးသည်လည်းဖြစ်ကုန်သော ဇမ္ဗူရာဇ်ရွှေဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော နှစ်ကုန်းနှပ်ဖြင့် ပြီးသည်လည်းဖြစ်ကုန်သော ငွေဖြင့် ပြီးသည်လည်း ဖြစ်ကုန်သော တံခါးတိုင် တံခါးဘောင်တို့သည် တင့်တယ်ကုန်၏။

၂၁။ ကောင်းစွာ ဝေယန်အပ်ကုန်သော များစွာသော နံရံအစပ်တို့သည် တံခါးရွက် တံခါးကျည်တို့ဖြင့် ဆန်းကြယ်တင့်တယ်ကုန်၏၊ နံရံပါးနှင့်ဖက်တို့၌ ဟသာကြာ ဥပ္ပလကြာနှင့် ယှဉ်ကုန်သော များစွာသော ရေပြည့်အိုးတို့သည် (ထိုတံခါးကို) တင့်တယ်စေကုန်၏။

၂၂-၂၃။ လူသုံးပါးတို့ကို နိဗ္ဗာန်သို့ ဆောင်တတ်ကုန်သော သံယာတော်နှင့်တကွဖြစ်ကုန်သော တပည့်သားသာဝကတို့နှင့် တကွလည်းဖြစ်ကုန်သော ပွင့်ကော်မူပြီးသော ဆင်သင်းသော ဘုရားတို့ကိုလည်း ပကတိအသွင်သဏ္ဌာန်ဖြင့် (စိတ်၌) ဝင်ဆောင်၍ တပည့်သားအပေါင်းနှင့်တကွ အရိယာအပေါင်းဖြစ်ကုန်သော ဆင်သင်းသော ဘုရားရှင်တို့သည် ထိုဆန်းကြယ်တင့်တယ်သော တံခါးဖြင့် ဝင်ကုန်၍ အလုံးစုံ ရွှေဖြင့်ပြီးသော ထင်းမျဉ်း၌ ထိုင်တော်မူကုန်၏။

၂၄။ လောက၌ အတုမရှိကုန်သော ယခုအခါ၌ ထင်ရှားရှိတော်မူကုန်သော အကြင်ဘုရားရှင်တို့သည်လည်းကောင်း ရှေးအခါ လွန်တော်မူပြီးကုန်သော အကြင်ဘုရားရှင်တို့သည်လည်းကောင်း ရှိကုန်၏၊ ထိုအလုံးစုံသော ဘုရားရှင်တို့သည် ငါ၏ပြာသာဒ်သို့ ကောင်းစွာ တက်ရောက်သီတင်းသုံးတော်မူကြကုန်၏။

၂၅။ ရှေးအခါ၌လည်း ယခုအခါ၌လည်း သယမ္ဘူလေးပါး ဖြစ်ကုန်သော ... သိတော်မူကုန်သော သူတပါးကို မဆောင်နိုင်ကုန်သော အရာမက များစွာကုန်သော ဆင်သင်းသော ပစ္စေကဗုဒ္ဓါတို့သည် ငါ၏ပြာသာဒ်သို့ ကောင်းစွာ တက်ရောက်သီတင်းသုံးတော်မူကြကုန်၏။

၁၅၄။ ပဲဘတ်ပင် ပဲနေ့ဘက်ပင်တို့သည်၎င်း၊ ၎က်ပျောပင် ရှောက်ပင်တို့သည်၎င်း ထိုသစ်ပင်တို့သည် ကောင်းစွာ ကြီးပွါးကြရကုန်သည်ဖြစ်၍ အသီးတို့ကို ဆောင်ကုန်၏။

၁၅၅။ ထိုအခါ ငါ၏သစ်မ်းကျောင်းအနီးဖြစ်သော တပက်ဆည်ကန်၌ အချိုသောပဒုမာကြာတို့သည် ပွင့်ကြကုန်၏၊ အချို့ကား ပွင့်ပြီးကုန်သည်ဖြစ်၍ ကြာစွက်မျသာ ရှိကုန်၏။

၁၅၆။ ထိုအခါ တပက်ဆည်ကန်၌ အချိုသော ပဒုမာကြာတို့သည် ဝတ်မှုံတည်းဟူသော ကိုယ်ဝန်ကို ယူကုန်၏၊ ကြာစွယ်တို့ ထွက်ပေါ်ကုန်၏၊ အရွက်တို့ဖြင့် ပြွမ်းသော ကြာပင်ရုံတို့သည် တင့်တယ်ကုန်၏။

၁၅၇။ ထိုအခါ တပက်ဆည်ကန်၌ လဲဗုံးချုံတို့သည်၎င်း၊ သရက်နံ့ရှိသော ပန်းပင်တို့သည်၎င်း၊ မြစ်ကိုင်းပန်းပင်တို့သည်၎င်း ခေါင်ရမ်းပန်းပင်တို့သည်၎င်း၊ အမြဲမပြတ် ပွင့်ကြကုန်သည်ဖြစ်၍ နတ်ပန်း၊ ရနံ့ကဲ့သို့သော ရနံ့တို့သည် သင်းပျံ့ ကြိုင်လှိုင်ကုန်၏။

၁၅၈။ ထိုအခါ တပက်ဆည်ကန်၌ ပေယ် တေန် ပေတ်တို့သည်၎င်း ငရံ့ ကြေ်း ငနုသန်း ငခူတို့သည်၎င်း နေကုန်၏။

၁၅၉။ ထိုအခါ တပက်ဆည်ကန်၌ မိကျောင်း ကြမ်းတမ်းသောငါး ညံ့သတ္တဝါတို့သည်၎င်း ရေစောင့်ဘီလူးတို့သည်၎င်း ကြာကုဟုဆည်သောမြွေ ဝပေါးကြီးမြွေတို့သည်၎င်း နေကုန်၏။

၁၆၀။ ခို ၎က် ဝပ်းဘဲ စက္ကဝက်၎က်တို့သည်၎င်း တင်ကြီး ဥဩ ကျေး သာလိကာတို့သည်၎င်း ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၁။ ဘုတ်၎က် ပုဋ္ဌန်(၎က်) တို့သည်၎င်း၊ တောဌ သက်န်းပွတ်၎က် ဘုံမတီး၎က် ၎က်ကုလားတို့သည်၎င်း၊ ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၂။ ဟသာ ကြိုးကြာ ဥဒေါင်းတို့သည်၎င်း၊ ဥဩ တောကြက်(ခရုတ်)၎က် ငိဝဇိး၎က်တို့သည်၎င်း၊ ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၃။ ခင်ဘုတ်၎က် တောင်ပတီး၎က် ဝံလိုင်၎က်တို့သည်၎င်း၊ သိန်း၎န်၎က်တို့သည်၎င်း၊ များစွာသော ၎က်နက်ကြီးဘို့သည်၎င်း ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၄။ ပျေ ဝက် စာမရီ သားကောင် ကြံ့တို့သည်၎င်း၊ များစွာသော ဗိုင်တို့သည်၎င်း၊ သုကပေါတမည်သော သားတို့သည်၎င်း၊ ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၅။ ခြင်္သေ့ ကျား သစ် ဝံပုလွေ အောင်းဘို့သည်၎င်း၊ အရပ်သုံးပါးမှ ယိုစီးကျသော မုန်ရှိသော ဆင်တို့သည်၎င်း၊ ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၆။ ကိန္နရာ မျောက်တို့သည်၎င်း၊ ထို့ပြင်တပါး တောအလုပ်သမား၊ ငါးမုဆိုးတံငါ သားမုဆိုးဘို့သည်၎င်း၊ ထိုတပက်ဆည်ကန်ကို အမှီပြု၍ အသက်မွေးကုန်၏။

၁၆၇။ တည်ပင် လွှန်ပင်တို့သည်၎င်း၊ သပြေညိုစည်ပင် သရက်ဖြူပင်တို့သည်၎င်း၊ ငါ၏ သစ်မ်းကျောင်းမှ မနီးမဝေးသောအရပ်၌ အမြဲ အသီးတို့ကို ဆောင်ကုန်၏။

၁ မြန် ၉-၂—၃-၇-၈

၁၁။ သင်၏ ဤကောင်းမှုကံကို အဘယ်သူသည် သိနိုင်အံ့နည်း၊ ပျင်းရိခြင်းများသော်လည်း ငါ၏ သဒ္ဓါတရားသည် ဝန်ကို ရွက်ဆောင်၏ ဟူသော အကြံအစည်သည် သင့်အား ဖြစ်အံ့သည်သာဘည်း။

၁၂။ မှိုကြီးသူသည် မစင်ကို စက်ဆုပ်သကဲ့သို့ ထိုအတူ ပညာရှိတို့သည် သင့်ကို စက်ဆုပ်ကုန်လတ္တံ့၊ ရသေ့တို့သည် သင့်ကို ဆွဲငင်၍ အခါခပ်သိမ်း အပြစ်တင်ကုန်လတ္တံ့။

၁၃။ ပညာရှိတို့သည် အဆုံးအမကို ကျော်နင်းကျူးလွန်သောသင့်ကို စွပ်စွဲပြောဆိုကုန်လတ္တံ့၊ သင်သည် ရသေ့ကောင်းတို့နှင့် ပေါင်းဖော်ခြင်းကို မရသည်ရှိသော် အသို့လျှင် အသက်မွေးနိုင်အံ့နည်း။

၁၄။ ဆင်ပြောင်ကြီးသည် အရပ်သုံးပါးမှ ယိုစီးကျသော အမုန်ရှိသော ကြီးသော ကိုယ်အင်္ဂါရှိသော တောင်ထိပ်၌ မွေ့လျော်သော အနှင်ခြောက်ဆယ်၌ အားဆုတ်ယုတ်သောဆင်ကို ဆင်အုပ်မှကပ်၍ နှင်ထုတ်၏။

၁၅-၁၆။ ဆင်အုပ်မှ လွတ်ထွက်သောဆင်သည် သာယာဖွယ် ချမ်းသာကို မရ၊ ဆင်းရဲခြင်းသို့ရောက်၍ နှလုံးမသာယာဖြစ်ရ၏၊ ကြံမှိုင်လျက် တုန်လှုပ်ရသကဲ့သို့ ထိုအတူသာလျှင် ရသေ့တို့သည် ပညာမဲ့သောသင့်ကိုလည်း နှင်ထုတ်ကုန်လတ္တံ့၊ သင်သည် ထိုရသေ့တို့က နှင်ထုတ်အပ်သည်ဖြစ်၍ သာယာဖွယ် ချမ်းသာကို မရလတ္တံ့။

၁၇။ နေ့အခါ၌၎င်း ညဉ့်အခါ၌၎င်း သောကဘည်းဟူသော မြားငြောင့်စူး ဝင်အပ်သည် ဖြစ်၍ ပူပန်ခြင်းဖြင့် လောင်မြိုက်ရလတ္တံ့၊ ဥပမာအားဖြင့် ဆင်အုပ်မှ နှင်ထုတ်ခံရသော ဆင်ကဲ့သို့တည်း။

၁၈။ ကောက်ကျစ် စဉ်းလဲသောရွှေသည် တစုံတခုသော ပြုဖွယ်၌ မထွန်းပ မပြီးနိုင်သကဲ့သို့ ထိုအတူ သီလမှယုတ်သော သင်သည် တစုံတခုပြုဖွယ်ကိစ္စ၌ မတောက်ပလတ္တံ့။

၁၉။ သင်သည် အိမ်၌ နေသော်လည်း အသို့လျှင် အသက်မွေးနိုင်အံ့နည်း၊ သိုမှီးထားအပ်သော မိဘက် ဖခက်မှလာသော ဥစ္စာသည် သင့်အား မရှိချေ။

၂၀။ ကိုယ်တိုင် လယ်လုပ် ကုန်သွယ် ရောင်းဝယ်မှုကိုပြု၍ ကိုယ်၌ ချွေးကို ယိုစီးစေလျက်သာလျှင် အိမ်၌ ဤသို့ အသက်မွေးမှုကို မနှစ်သက်အပ်။

၂၁။ ငါသည် ထိုစိတ်၌ ညစ်ညူးပူပန်ခြင်းသို့ရောက်သောစိတ်ကို ဤသို့ တားမြစ်၏၊ အသုံးထုးသော တရားစကားကို နှလုံးသွင်းလျက် မကောင်းမှုမှ စိတ်ကို တားမြစ်၏။

၂၂။ ငါသည် မမေ့မလျော့ဘဲ ဤသို့နေစဉ် ငါ့အား အနှစ်သုံးသောင်းတို့သည် တောအတွင်း၌ လွန်ကုန်၏။

၂၃။ မြတ်သောအကျိုးကို ရှာမှီးလျက် မမေ့မလျော့ခြင်း၌ မွေ့လျော်သော ငါ့ကို မြင်၍ ပဒုမုတ္တရမြတ်စွာဘုရားသည် ငါ၏အထံသို့ ကြွလာတော်မူ၏။

၂၄။ ရွှေတည်သီးမှည့်အဆင်းနှင့်တူသော အဆင်းရှိတော်မူသော မနှိုင်းယှဉ်နိုင်သည် ဖြစ်၍ နှိုင်းယှဉ်ရာ ဥပမာမရှိသော အဆင်းသဏ္ဌာန်အားဖြင့် အတုမရှိသော မြတ်စွာဘုရားသည် ထိုအခါ ကောင်းကင်၌ စင်္ကြံကြွတော်မူ၏။

## ၆-ဗာကုလတ္ထေရအပဒါန်

၃၈၆။ ဟိမဝန္တာ၏အနီး၌ သောဘိတမည်သောတောင်သည် ရှိ၏၊ ငါသည် ထိုတောင်၌ တပည့်အပေါင်းတို့နှင့်အတူ ကောင်းစွာပြုလုပ်အပ်သော သခ်မ်းကျောင်းကို ဖန်ဆင်းအပ်၏။

၃၈၇။ ထိုသခ်မ်းကျောင်း၌ မဏ္ဍပ်တို့သည်လည်း များပြားကုန်၏၊ ရေခူနွံပင်တို့သည် ပွင့်ကုန်၏၊ ထိုသခ်မ်းကျောင်း၌ သီးပင်တို့သည်လည်း များပြားကုန်၏၊ လယ်ခေါင်းရမ်းပင်တို့သည် ပွင့်ကုန်၏။

၃၈၈။ ထိုသခ်မ်းကျောင်း၌ ကြောင်ပန်းပင်တို့သည် များပြားကုန်၏၊ ဆီးပင်တို့သည်၎င်း သျှိသျှားပင်တို့သည်၎င်း ဖက်သက်ပင်တို့သည်၎င်း ဗူးပင်တို့သည်၎င်း သရက်ဖြူပင်တို့သည်၎င်း ပွင့်ကုန်၏။

၃၈၉။ ထိုသခ်မ်းကျောင်း၌ အပွင့်ပြုရှိသော မရိုးပင်တို့သည်၎င်း ဥသျှစ်ပင်တို့သည်၎င်း ငှက်ပျောပင် ရှောက်ချိုပင်တို့သည်၎င်း များပြားကုန်၏၊ ထိုသခ်မ်းကျောင်း၌ ဆီးဆောင်းပင်တို့သည်၎င်း ပေါက်ကြံ့ပင်တို့သည်၎င်း ဥပါသကာပင်တို့သည်၎င်း များပြားကုန်၏။

၃၉၀။ ကြို့ပင်တို့သည်၎င်း ထင်းရှူးပင်တို့သည်၎င်း တမာပင်တို့သည်၎င်း ပညောင်ပင်တို့သည်၎င်း ညောင်ကြတ်ပင်တို့သည်၎င်း(များပြားကုန်၏)၊ ငါ၏ သခ်မ်းကျောင်းသည် ဤသို့သဘောရှိ၏၊ ငါသည် တပည့်တို့နှင့်အတူ ထိုသခ်မ်းကျောင်း၌ နေခဲ့၏။

၃၉၁။ အလိုလိုဖြစ်တော်မူသော လောက၏ ရှေ့သွားဖြစ်တော်မူသော အနောမဒဿီမြတ်စွာဘုရားသည် တပါးတည်း ကိန်းအောင်းတော်မူရာ အရပ်ကို ရှာမှီးသည်ဖြစ်၍ ငါ၏ သခ်မ်းကျောင်းသို့ ကြွလာတော်မူ၏။

၃၉၂။ လုံ့လကြီးမားတော်မူသော အခြံအရံများပြားတော်မူသော အနောမဒဿီမြတ်စွာဘုရားသည် ငါ၏ သခ်မ်းကျောင်းသို့ ကြွလာတော်မူသည်ရှိသော် မြတ်စွာဘုရားအား တခဏခြင်းဖြင့် လေနာထတော်မူ၏။

၃၉၃။ ငါသည် တော၌ လှည့်လည်သည် ရှိသော် မြတ်စွာဘုရားကို ဖူးမြင်ရ၏၊ ကျေးငါးပါးရှိတော်မူသော အခြံအရံများပြားတော်မူသော မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍—

၃၉၄။ ထိုအခါ၌ ငါသည် (မြတ်စွာဘုရား၏) အမူအရာကို မြင်ခြင်းကြောင့်လည်း ယုံမှားမရှိပဲသာလျှင် ငါတို့၏မြတ်စွာဘုရားအား အနာရောဂါဖြစ်တော်မူ၏ဟု မှတ်ယူခဲ့၏။

၃၉၅။ ငါသည် ဆေးကုလိုသည်ဖြာ်၍ သခ်မ်းကျောင်းရှိ ငါ့တပည့်တို့ထံ လျင်မြန်စွာပြန်လာခဲ့၏၊ ထိုအခါ ငါသည် တပည့်တို့ကို မိန့်ဆိုခဲ့၏။

၃၉၆။ ရှိသေခြင်းရှိသော တပည့်အားလုံးတို့သည် ငါ၏စကားကို ရှေးရှုဝန်ခံကုန်၍ မြတ်စွာဘုရား၌ ရှိသေသည်၏အဖြစ်ဖြင့် ငါ၏အထံသို့ တပေါင်းတစည်း စည်းဝေးရောက်လာကြကုန်၏။

၃၉၇။ ငါသည် တောင်ထိပ်သို့ လျင်မြန်စွာတက်၍ ခပ်သိမ်းသော ဆေးကိုပြုလုပ်ဖော်စပ်၏၊ ငါသည် ရေနှင့်ပျော်၍ ဘုရားမြတ်အား ပေးလှူခဲ့၏။

၄၈၉။ ငါသည် သမ်းကျောင်းသို့ လျင်မြန်စွာလာ၍ သင်မည်စည်းဆိုကို ယူခဲ့၏၊ ဆိအိုး (ပျဉ်းအိုး)ကို ယူ၍ မြတ်စွာဘုရားထံ ချဉ်းကပ်၏။

၄၉၀။ ငါသည် သစ်သားသုံးခုတို့ကို ယူ၍ လွင်တီးခေါင်၌ စိုက်ထား၏၊ ငါသည် ဆီမီးထွန်း ညှိပြီးလျှင် ရှစ်ကြိမ်တိုင်တိုင် ရှိခိုးခဲ့၏။

၄၉၁။ ယောကျ်ားမြတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ခုနစ်နေ့ ခုနစ်ညဥ့်ပတ်လုံး ထိုင်နေတော်မူ၏၊ ထို့နောင် ခုနစ်ရက်မြောက်သော ညဥ့်အဆုံး၌ မြတ်စွာဘုရားသည် ထတော်မူ၏။

၄၉၂။ ငါသည် ကြည်လင်ဝမ်းမြောက်သော စိတ်ရှိသည် ဖြစ်၍ အလုံးစုံသော (ခုနစ်နေ့ ခုနစ်ညဥ့်)တို့ပတ်လုံး ကြည်ညိုလျက် မိမိလက်တို့ဖြင့် မြတ်စွာဘုရားအား ဆီမီးကို ပေးလှူခဲ့၏။

၄၉၃။ ဂန္ဓမာဒနတောင်၌ နေ့သာဖြင့်ပြီးသော တောအားလုံးတို့သည် မြတ်စွာဘုရား၏ အာနုဘော်ကြောင့် မြတ်စွာဘုရားအထံသို့ ရောက်လာကြကုန်၏။

၄၉၄။ ထိုအခါ၌ မြတ်စွာဘုရား၏ အာနုဘော်ကြောင့် အလုံးစုံပွင့်သော သစ်ပင်အားလုံး တို့သည် ပန်းရနံ့ကို ဆောင်ကုန်လျက် စုဝေးရောက်လာကြကုန်၏။

၄၉၅။ ဟိမဝန္တာ၌ ရှိသမျှသော ထိုနဂါးဂဠုန်နှင့်မျိုးဘို့သည် တရားတော်ကို နာလိုကုန် သည်ဖြစ်၍ မြတ်စွာဘုရားအထံတော်သို့ လာရောက်ကြကုန်၏၊

၄၉၆။ မြတ်စွာဘုရား၏ အဂ္ဂသာဝကဖြစ်သော ဒေဝလမည်သော ရဟန်းသည် ရဟန္တာ တသိန်းတို့နှင့်တကွ မြတ်စွာဘုရား၏ အထံတော်သို့ ကြွလာတော်မူပေ၏။

၄၉၇။ ပေးလှူဖွယ် ပစ္စည်းဝတ္ထုတို့ကို ခံတော်မူထိုက်သော ပဒုမုတ္တရမြတ်စွာဘုရားသည် ရဟန်းသံဃာ (အလယ်) ၌ ထိုင်နေတော်မူ၍ ဤဆိုမည့် ဂါထာတို့ကို မိန့်ဆိုတော်မူ၏ --

၄၉၈။ အကြင်သူသည် ငါဘုရားအား ကြည်ညိုသည် ဖြစ်၍ မိမိလက်တို့ဖြင့် ဆီမီးကို ပူဇော်ခဲ့၏၊ ထိုသူကို ငါသည် ဗျာဒိတ်စကား မိန့်ကြားတော်မူအံ့၊ မိန့်ကြားမည့်စကားကို နာယူကြကုန်လော့ --

၄၉၉။ ဤသူသည် ကမ္ဘာခြောက်သောင်းကိုကာလပတ်လုံး နတ်ပြည်၌ မွေ့လျော်ရလတ္တံ့၊ အကြိမ်တထောင်တိုင်တိုင် စကြာဝတေးမင်းလည်း ဖြစ်လတ္တံ့။

တဆယ့်ခြောက်ခုမြောက်ဘာဏဝါရ ပြီး၏။

၅၀၀။ သုံးဆယ့်ခြောက်ကြိမ်တိုင်တိုင် နတ်တို့ကို အစိုးရသူဖြစ်၍ သိကြားမင်းအဖြစ်ကို ပြုရလတ္တံ့၊ မြေအပြင်၌ အကြိမ်ခုနစ်ရာတိုင်တိုင် ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်ကို ပြုရလတ္တံ့။

၅၀၁။ ပြန့်ပြောသော ပဒေသရာဇ်မင်းအဖြစ်ကိုကား ဂဏန်းအားဖြင့် မရေတွက်နိုင်ပေ၊ ဤဆီမီးအလှူကြောင့် နတ်မျက်စိ ဒိဗ္ဗစက္ခု သည် (ဤပုဂ္ဂိုလ်အား) ဖြစ်လတ္တံ့။

၁၀၈။ ထိုသစ်ပင်တို့သည် အပွင့် ပွင့်ကုန်သည်ရှိသော် များစွာသောသစ်ပင်တို့သည် တင့်တယ်လှပကုန်၏၊ ငါ၏ သခ်မ်းကျောင်းသည် ထိုပန်းရနံ့ဖြင့် ထက်ဝန်းကျင်ကြိုင်လှိုင်လျက်ရှိ၏။

၁၀၉။ သဖန်းခါးပင်တို့သည်ရင်း သျှိသျှားပင်တို့သည်ရင်း သရက် သပြေ သစ်ဆိမ့်ပင်တို့သည်ရင်း ဆီးပင်တို့သည်ရင်း ချေးပင်တို့သည်ရင်း ဥသျှစ်ပင်တို့သည်ရင်း ဖက်သက်တရော်အသီးတို့သည်ရင်း (ထိုတောင်၌ များပြားကုန်၏)။

၁၁၀။ တည်ပင်တို့သည်ရင်း လွှန်ပင်တို့သည်ရင်း သစ်မည်စည်ပင်တို့သည်ရင်း ထောက်ရှာပင်တို့သည်ရင်း တောင်ပိန္နဲပင်တို့သည်ရင်း အိမ်ပိန္နဲပင်တို့သည်ရင်း ငှက်ပျောသီး ဆီးသီးမှည့်တို့သည်ရင်း ထိုတောင်၌ များပြားကုန်၏။

၁၁၁။ ထိုတောင်၌ဝေးပင်တို့သည်ရင်း ဖရဲသီး ဘူးသည်ရင်း များပြားကုန်၏၊ ရှောက်ကြီးပင် သမ္ဘရိပင်တို့သည် ငါ၏သခ်မ်းကျောင်းအနီး၌ သီးလျက်ရှိကုန်၏။

၁၁၂။ ပဲဘက်ပင်တို့သည်ရင်း ရသေ့စားပဲဘူးသည်ရင်း ထို့မှတပါး သပြက်သီး(မောဒ) သစ်သီးတို့သည်ရင်း များပြားကုန်၏၊ မှည့်၍လေးသောအသီးဝန်ရှိကုန်သော (ထန်း)အဝရပင်တို့သည်ရင်း ညောင်ကြတ်ပင် သဖန်းပင်တို့သည်ရင်း --

၁၁၃။ ထိုတောင်၌ ပိတ်ချင်းပင် ပြုတ်ပင်တို့သည်ရင်း ပညောင်ပင်တို့သည်ရင်း သီးပင်တို့သည်ရင်း ရေသဖန်းပင်တို့သည်ရင်း စိမ်းလန်းကုန်သော ပဏ္ဍုကဏ္ဍမည်သော သစ်ပင်တို့သည်ရင်း များပြားကုန်၏။

၁၁၄။ ဤသစ်ပင်တို့သည်ရင်း အခြား သစ်ပင်များစွာတို့သည်ရင်း ငါ၏ သခ်မ်းကျောင်းအနီး၌ အသီး သီးလျက်ရှိကုန်၏၊ အပွင့်ပွင့်သော သစ်ပင်များစွာတို့သည်ရင်း ငါ၏ သခ်မ်းကျောင်းအနီး၌ ပွင့်လျက်ရှိကုန်၏။

၁၁၅။ မေှာက်(ဥ)ပင်တို့သည်ရင်း သင်းဘောက်ပင်တို့သည်ရင်း ပိန်းပင်တို့သည်ရင်း သထွေးပင်တို့သည်ရင်း ပဲဘက်ပင်တို့သည်ရင်း ထန်းပင်တို့သည်ရင်း ငါ၏ သခ်မ်းကျောင်းအနီး၌ ရှိကုန်၏။

၁၁၆။ ငါ၏ သခ်မ်းကျောင်းအနီး၌ ကြီးမားသော ရေအိုင်သည် ရှိ၏၊ ကြည်လင်သောရေရှိ၏၊ အေးမြသောရေရှိ၏၊ ကောင်းသောရေဆိပ်ရှိ၏၊ စိတ်နှလုံးကို မွေ့လျော်စေနိုင်ပေ၏။

၁၁၇။ ထိုရေအိုင်၌ များစွာသော ပဒုမာကြာ ဥပ္ပလကြာတို့သည် ကြာပုဏ္ဍရိက်တို့နှင့် ရောနှောလျက်ရှိကုန်၏၊ မျောက်လေကူးတို့ဖြင့် ဖုံးလွှမ်းလျက် အမျိုးမျိုးသော ရနံ့တို့ဖြင့် ကြိုင်လှိုင်လျက်ရှိ၏။

၁၁၈။ (အချို့)ပဒုမာကြာတို့သည် ဖူးငုံလျက် ရှိကုန်၏၊ အခြားတပါးသော ပဒုမာကြာတို့သည် ဝတ်ဆံစွန်စွင့် ပွင့်ကြကုန်၏၊ အခြားတပါးသော ပဒုမာကြာတို့သည် ပွင့်ချပ်ကြွေကျလျက် တည်နေကုန်၏၊ များစွာသောကြာတို့သည် ကြာချက်(ကြာစွက်)မှသာ ရှိကုန်လျက် တည်နေကုန်၏။

၂၂၈။ ထိုအခါစပို့သည်တို့သည်၎င်း ဆေးကုသည်တို့လည်း၎င်း ရေချိုးပေးသမားတို့သည်၎င်း ပန်းသည်တို့သည်၎င်း အောင်မြင်ပြီးသော စစ်ပွဲ၌ရှိသောသူတို့သည်၎င်း ထိုသူအားလုံးတို့သည် စုဝေးကြကုန်၏။

၂၂၉။ ထိုအခါချပ်မိန်ညိုဝတ်ဆင်သော သန်လျက်ကိုင် ယောကျ်ားတို့သည်၎င်း ချပ်မိန်ညိုဝတ်ဆင်ပြီးသော လေးကိုင်ယောကျ်ားတို့သည်၎င်း ကြမ်းကြုတ် ကုန်သော အောင်မြင်ပြီးသော စစ်ပွဲ၌ရှိသူတို့သည်၎င်း ထိုသူအားလုံးတို့သည်လည်း စုဝေးလျက် ရှိကြကုန်၏။

၂၃၀။ ထိုအခါ အရပ်သုံးပါးမှ ယိုကျသော အမုန်ရှိကုန်သော အသက်ခြောက်ဆယ် အရွယ်ပိုင်မှ ခွန်အားဆုတ်ယုတ်ကုန်သော ရွှေကြိုးတန်ဆာ ရှိကုန်သော မာတင်္ဂဆင်မျိုး အားလုံးတို့သည် စုဝေးကြကုန်၏။

၂၃၁။ ထိုအခါ အအေးကို၎င်း အပူကို၎င်း အပန်ဖြင့် တက်ရောက်ထိုးပစ်ခြင်းကို၎င်း သည်းခံနိုင်ကုန်သော လေ့ကျင့်အပ်ပြီးသော စစ်တိုက်မှု၌ကုန်သော စစ်သည်သူရဲအားလုံး တို့သည် စုဝေးကြကုန်၏။

၂၃၂။ ထိုအခါ ခရုသင်းသံ၎င်း စည်ကြီးသံ၎င်း ထို့ပြင် ဥတုကြောင့်ဖြင်သောအသံ၎င်း ထိုအသံတို့ဖြင့် ရွှင်လန်းစေတတ်ကုန်သော ထိုစစ်သည်အားလုံးတို့သည် စုဝေးကြကုန်၏။

၂၃၃။ ထိုအခါ တံကျင်သုံးခွရှိသော လှံနှင့် မန္တန်အဝတ်တို့ဖြင့်၎င်း ချပ်ဝတ်မှိန်း တို့ဖြင့်၎င်း ထိုးပင်တတ်သော ရန်သူတို့ကို ကျစေ(တွန်းလှန်)နိုင်သော စစ်သည်အားလုံး တို့သည် စုဝေးကြကုန်၏။

၂၃၄။ ထိုအခါ ထိုအဒိတ္တရဟန်းသည် ဤသူတို့ကို အဘယ်မှာ အရှင်ထားရအံ့နည်း ဟု စုံစမ်းထောက်လှမ်း၍ ခြောက်သောင်းသောသူတို့ကို တံကျင်၌(လျှို၍) ထိတ်လန့် စေ၏။

၂၃၅။ အဇိတရဟန်းသည် ခြောက်တန်းမဲ့လေစွ၊ ငရဲသို့ကျသည့်ရှိသော် ဘယ်အခါ၌ လွတ်တော့အံ့နည်းဟု လူဘို့သည် အသံပြုကြကုန်၏ (ဖြစ်အော်ကြကုန်၏)။

၂၃၆။ ထိုအခါ ငါသည် အိပ်ရာ၌ အိပ်သည်ရှိသော် ငရဲကိုမြင်ရ၏၊ နေ့ညဉ့်ပတ်လုံး အိပ်စက်၍ မရ၊ တံကျင်ဖြင့် ငါ့ကို ခြိမ်းချောက်ကုန်၏။

၂၃၇။ မေ့လျော့သော မင်းပြုခြင်းဖြင့်၎င်း ဆင်ယာဉ်မြင်းယာဉ်ဖြင့်၎င်း စစ်သည် ဗိုလ်ပါဖြင့်၎င်း အဘယ်အကျိုးရှိအံ့နည်း၊ ထိုအားလုံးတို့သည် ငါ့ကို ထုတ်ဆောင်ကယ်တင် ခြင်းငှါ မစွမ်းနိုင်ကုန်၊ အခါခပ်သိမ်း ပူပန်စေကုန်၏။

၂၃၈။ ငါ့အား သားသမီးတို့ဖြင့်၎င်း မယားတို့ဖြင့်၎င်း အလုံးစုံသော တိုင်းပြည်ဖြင့် ၎င်း အဘယ်အကျိုးရှိအံ့နည်း၊ ငါသည် ရဟန်းပြုရပါမူ ကောင်းလေစွ၊ သုဂတိ လမ်းကို သုတ်သင်ရတော့အံ့။

၂၃၉။ အလုံးစုံသောတန်ဆာဖြင့် တန်ဆာဆင်အပ်ကုန်သော ရွှေကြိုးရှိကုန်သော ရွှေကကြိုးတန်ဆာဖြင့် ဖုံးလွှမ်းအပ်ကုန်သော

| အကွရာစဉ် | စာမျက်နှာ |
|---|---|
| [ အာ ] | |
| အာသနုပဋ္ဌာဟကမထေရ် | ၁၆၂ |
| အာသာဝတီမည်သောနွယ် | ၄၆ |
| အာသာဝတီ နွယ်နီသီး | ၄၇ |
| [ အိ-ဣ ] | |
| အိပ်မက်ထဲ၌ဘုရားဖူးမြင်ရသောအကျိုး | ၂၉၃ |
| အိပ်ရာနေရာကို လှူဒါန်းခြင်း၏အကျိုး | ၁၁၂ |
| ဣန္ဒမည်သောစကြာမင်း | ၆၁ |
| ဣသိမုဂ္ဂဒါယကမထေရ် | ၂၂၀ |
| [ ဉ ] | |
| ဥက္ကိတ္တပဒုမိယမထေရ် | ၃၂၃ |
| ဥစ္ဆင်္ဂပုပ္ဖိယမထေရ် | ၄၅၁ |
| ဥတ္တရေယျဒါယကမထေရ် | ၃၂၀ |
| ဥတ္တိယမထေရ် | ၉၁ |
| ဥဒကဒါယကမထေရ် | ၂၃၄ |
| ဥဒကပူဇကမထေရ် | ၃၁၂ |
| ဥဒကာသနဒါယကမထေရ် | ၂၄၉ |
| ဥဒပါနဒါယကမထေရ် | ၂၁၃ |
| ဥဒါယီဟုထင်ရှားသောတပည့်သာဝက | ၉၈ |
| ဥဒ္ဒါလကပုပ္ဖိယမထေရ် | ၃၃၉ |
| ဥဒ္ဒါလဒါယကမထေရ် | ၂၅၈ |
| ဥဒုမ္ဗရပုပ္ဖိယမထေရ် | ၃၅၀ |
| ဥဒေနမထေရ် | ၄၃၉ |
| ဥဒေါင်းမြီးယပ် သားမြီးယပ် လှူဒါန်းခြင်း၏အကျိုး | ၃၆၉ |
| ဥပတိဿနှင့် တူသောပညာရှိ | ၃၃ |
| ဥပဋ္ဌာက ဒါယကမထေရ် | ၂၇၈ |
| ဥပ္ပလဟတ္ထိယမထေရ် | ၁၅၈ |
| ဥပဝါနမထေရ် | ၈၄ |
| ဥပသီဝမထေရ် | ၄၂၀ |
| ဥပသေနမထေရ် | ၇၀ |
| ဥပါဂတာသယမထေရ် | ၂၆၈ |
| ဥပါလိမထေရ် | ၁၀၆ |
| ဥပါလိဟူသော အမည် | ၄၅ |
| [ ဉ ] | |
| ဥပါဟနဒါယကမထေရ် | ၂၆၁ |
| ဥပ္ပါတကျမ်း နိမိတ်ကျမ်း | ၄၈ |
| ဥဗ္ဗဒ္ဓမည်သော စကြာမင်း | ၃၉ |
| ဥမာပုပ္ဖိယမထေရ် | ၁၉၄-၃၀၁ |
| [ ဦး ] | |
| ဦးခေါင်းကွဲလျက် သေလွန်ရသောဘဝ | ၃၇ |
| ဦးခေါင်းတော်ထက်၌ ကြာနီပန်းများ ဆောင်းမိုးပုံ | ၁၄၁ |
| ဦးစွန်းတခုသာရှိသော တက္ကတွန်း | ၄၂ |
| ဦးဆောက်ပန်းကုံးကိုတင်လှူ ပူဇော်ရသောအကျိုး | ၁၉၆ |
| အိုးလှူဒါန်းခြင်း၏ အကျိုး | ၃၇၁ |
| [ ေ ] | |
| ကောစာရိယမထေရ် | ၂၂၂ |
| ကောစိန္တိကမထေရ် | ၂၂၁ |
| ကောဆတ္တိယမထေရ် | ၄၄၆ |
| ကောဋလိကမထေရ် | ၉၁-၂၇၂ |
| ကောဋလိယမထေရ် | ၃၃၀ |
| ကောတ္တုမ္ဗိကမထေရ် | ၆၃ |
| ကောဒိပိယမထေရ် | ၄၅၁ |
| ကောဒုဿဒါယကမထေရ် | ၃၁၄ |
| ကောပုက္ခရိကမထေရ် | ၂၇၄ |
| ကောပုပ္ဖိယမထေရ် | ၂၇၈ |
| ကောပဒုမိယ မထေရ် | ၃၂၅ |
| ကောပသာဒနိယမထေရ် | ၁၉၀ |
| ကောဝဋ္ဋနိယမထေရ် | ၂၄၈ |
| ကောသညကမထေရ် | ၁၃၇-၂၃၉ |
| ကောသနဒါယကမထေရ် | ၂၅၉ |
| ကောသနိယမထေရ် | ၁၆၇ |
| [ ဩ ] | |
| ဩပဝယှမထေရ် | ၁၂၂ |
| ဩဋ္ဌကလူမျိုး ဒမိဠလူမျိုး | ၄၃၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သောဘိတအည်ရှိသောပုဏ္ဏား | ၉၄ |
| သောဘိတမထေရ် | ၁၈၄ |
| သောဝဏ္ဏဝဍ္ဍံသကိယမထေရ် | ၂၄၇ |
| သော်ကပန်းပွင့်ကို တင်လှူပူဇော်ခဲ့ရခြင်း၏အကျိုး | ၂၂၆ |
| သော်ကညွန့်ကို တင်မြောက်ပူဇော်ခဲ့ရသောကောင်းမှု | ၂၂၇ |
| သံကောက်လှူဒါန်းရခြင်း၏အကျိုး | ၃၇၃ |
| သံကောက်အိမ်လှူဒါန်းခြင်း၏အကျိုး | ၃၇၄ |
| သံဃာ၌ကြည်ညိုခြင်း၏အကျိုး | ၂၉၁ |
| သံဃာတော်မြတ်ကို ဆွမ်းကျွေးရခြင်း၏အကျိုး | ၁၀၀ |
| သံဃာတော်ကို ဆည်းကပ်လုပ်ကျွေးခဲ့ပုံ | ၂၁၆ |
| သံဃုပဋ္ဌာကမထေရ် | ၂၁၅ |
| သားအပေါင်းကိုသတ်၍ အသက်မွေးခဲ့သူ | ၁၃၁ |
| သားရေပိုင်းကို ပေးလှူခဲ့ရသည့်အကျိုး | ၂၄၃ |
| သက်နှ်းကို ရှိခိုးခြင်းအကျိုး | ၃၀၂ |
| သစ်နက်ရေကို ပေးလှူရခြင်း၏အကျိုး | ၂၄၃ |
| သစ်သီးအားလုံးကို ပေးလှူရခြင်း၏အကျိုး | ၂၉၀ |
| သစ်သီးအလှူ၏အကျိုး | ၁၄၇-၂၀၅ |
| သစ်ချက်အခင်းကို ပေးလှူခဲ့ရခြင်း၏အကျိုး | ၁၅၄ |
| သစ်ချက်စားဖွယ်ကို ပေးလှူရခြင်း၏အကျိုး | ၂၆၂ |
| သစ်ချက်မှုံးကျောင်းကို လှူဒါန်းရခြင်း၏အကျိုး | ၂၆၃ |
| သစ်ချက်(ဟင်းရွက်ပြုတ်)ကို ပေးလှူရခြင်း၏အကျိုး | ၂၇၆ |
| သစ်ချက်ဆုပ်ကို ပေးလှူရခြင်း၏အကျိုး | ၃၉၉ |
| သစ်သီးကို ပျားရည်နှင့် ရောစပ်၍ ပေးလှူခဲ့ပုံ | ၄၀၉ |
| သင်တိုင်းငှပ်စေတီ | ၈၀ |
| သင်ရှုံးလှူဒါန်းခြင်း၏အကျိုး | ၃၇၅ |
| သွားတိုက်ဆေး လှူဒါန်းခြင်း၏အကျိုး | ၃၇၈ |
| သွားခြင်းငါ မှမ်းနိုင်သောခြင်္သေ့မင်း | ၁၆ |
| **[ ဟ ]** | |
| ဟတ္ထိဒါယကမထေရ် | ၂၃၁ |
| ဟာသဇနကမထေရ် | ၃၀၂ |
| ဟေမကမထေရ် | ၄၂၆ |
| ဟံသာဝတီမြို့ | ၉၇ |


၅ မြန် ၃·၇၂—၈·၇·သ

